**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

# ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် စစ်ကိုင်းမြို့အနီး ဗဟိုပြု ဖြစ်ပွားခဲ့သော မြေငလျင်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

ကရင့်သက္ကရာဇ်- ၂၇၆၄ ခုနှစ်၊ လားခလီး (၂) ရက်။
ခရစ်သက္ကရာဇ် -၂၀၂၅ ခုနှစ်၊ မတ်လ (၃၀) ရက်။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ခန့်တွင်ဖြစ်ပွားခဲ့သော (၇.၇) ရစ်တာစကေး ရှိသည့် အင်အားကြီးမြေငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ် မြောက်မြားစွာ ပျက်စီးဆုံးရှုံးခဲ့ရမှုများနှင့်ပတ်သက်၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့် အများပြည်သူတို့နှင့်အတူ ထပ်တူထပ်မျှ ကြေကွဲ ဝမ်းနည်းရပါသည်။

ငလျင်ဒဏ်သင့်ပြည်သူများအတွက် စိုးရိမ်ပေးကြပြီး အချိန်တိုကာလအတွင်း ကူညီရန် ကမ်းလှမ်းရောက်ရှိ လာကြသော နိုင်ငံတကာမှ အစိုးရများ၊ အဖွဲ့အစည်းများအပြင် ဒေသခံပရဟိတအဖွဲ့များနှင့် ပြည်သူများ၏ ကူညီမှုများကို KNU အနေဖြင့် ကြိုဆိုပြီး အထူးပင် ကျေးဇူးတင်ရှိအပ်ပါသည်။

ပြည်သူအများ မြေငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားနေရချိန်တွင် စစ်ကောင်စီအနေနှင့် အရပ်သား နေရာများကို ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှုများကို ဆက်တိုက် ကျူးလွန်နေသည်ကိုလည်း ဝမ်းနည်းစွာတွေ့ရှိရပါသည်။

သာမာန်အခြေအနေတွင် နိုင်ငံတစ်နိုင်ငံ၏ သဘောဝဘေးအန္တရာယ်ကို တုံ့ပြန်သည့်အနေဖြင့် စစ်တပ်သည် ဦးစွာပါဝင်ကြရသော်လည်း SAC ၏ ထိန်းချုပ်မှုအောက်တွင် ရှိသော စစ်တပ်သည် တိုင်းပြည်၏ ကြွယ်ဝမှုနှင့် အခွင့်ထူးများကို ရယူ အလွဲသုံးစားပြုလုပ်ပြီး ပြည်သူကို ဦးတည်တိုက်ခိုက်ရန်သာ တပ်စွဲဖြန့်ကျက်ထားပါသည်။

ငလျင်ဘေးသင့်သော ပြည်သူများသည် SAC ထိန်းချုပ်နယ်မြေ အောက်တွင်ရှိသလို တော်လှန်ရေးတပ်ဖွဲ့များ ထိန်းချုပ်ထားသည့် နယ်မြေများတွင်ရှိနေသည်ကို သတိမူလျှက်၊ ငလျင်ဘေး အကူအညီများ ပေးအပ်ရာတွင် အပြိုင်

အကူအညီပေးသည့် လုပ်ငန်းစဉ်များကို အခြေခံ၍ မြေပြင်ပေါ်တွင် အကူအညီပေးနေသော ဒေသခံ အသိုင်းအဝိုင်းများမှ တစ်ဆင့် အမှန်တကယ်လိုအပ်နေသူများထံသို့ ရောက်ရှိရေးလုပ်ဆောင်ရန် နိုင်ငံတကာ ကို KNU က တိုက်တွန်းပါသည်။

၂၀၀၈ ခုနှစ် ကာလ က မြန်မာနိုင်ငံကြုံတွေ့ရသည့် နာဂစ်မုန်တိုင်းကြောင့် ပြည်သူများအတွက် လက်ခံရရှိသည့် နိုင်ငံတကာက အကူအညီများကို ဤစစ်အုပ်စု ကပင် ၎င်းတို့၏ အကျိုးစီးပွားအတွက် အသုံးချသွားသည့် သမိုင်းကြောင်း ရှိသည်ဖြစ်သောကြောင့် ယခု ငလျင်ဒဏ် ခံရသည့် ပြည်သူများအတွက် ပေးအပ်သည့် လူသားချင်းစာနာထောက်ထားသည့် အကူအညီများအပေါ် စစ်တပ်က အခွင့်ကောင်းယူ၍ နိုင်ငံရေးအမြတ်မထုတ်စေရန်အတွက် အနီးကပ် အကဲဖြတ်စောင့်ကြည့်သည့်လုပ်ငန်းစဉ်ကို ထည့်သွင်းထားရန် တိုက်တွန်းပါသည်။

KNU အနေနှင့်လည်း အရေးပေါ်လိုအပ်မှုများကို တုံ့ပြန်ကူညီဆောင်ရွက်နိုင်ရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိ သရွေ့တတ်နိုင်သည့် နည်းလမ်းမှ ပါဝင်သွားမည်ဖြစ်ကြောင်း အသိပေးပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟို

ဆက်သွယ်ရန်

- စောနယ်ဒုဒါး (Signal +66 98 687 9384)
- နော်ဆိုဖီ (Signal +66 80 288 0996)

E-Mail: knu.comm@protonmail.com